**E.N.C.** Ethnic Nationalities Council (Union of Burma)
တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)

P. O. Box - 49, Chiang Mai University, Chiang Mai, 50202, THAILAND
E-mail: office@encburma.org,Website: www.encburma.org

# အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ် နောက်တနှစ်သက်တမ်းတိုးခံရမှုနှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ သဘောထားထုတ်ပြန်ကြေညာချက်

## ထုတ်ပြန်ကြေညာချက်အမှတ် ၂၀၀၈–၅

နေ့စွဲ။ ။ သက္ကရာဇ် ၂၀၀၈ ခုနှစ် မေလ (၂၈) ရက်

အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် (၁၇) နှစ်တာကာလအတွင်းတွင် (၁၂) နှစ်ကြာအောင် နေအိမ်အကျယ်ချုပ်အဖြစ် ထိန်းသိမ်းခံရပြီး ယခု [ သက္ကရာဇ် ၂၀၀၃ ခုနှစ် မေလ (၃၀) ရက် စတင်ထိန်းသိမ်းခံရပြီး] မေလ (၂၇) ရက်နေ့တွင် နောက်ထပ် တနှစ်ထပ်မံသက်တမ်းတိုးခံရမည်ဖြစ်ကြောင်း စစ်အစိုးရ၏ ထုတ်ပြန်မှုအပေါ် ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) မှ စိတ်မကောင်းမှုများစွာ ခံစားရပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ တိုင်းရင်းသားပြည်သူတရပ်လုံးအပေါ်နှင့် ပြည်ထောင်စုနိုင်ငံအပေါ် စွန့်လွှတ်အနစ်နာခံမှု၊ ခေါင်းဆောင်မှု၊ သဘောထားကြီးမြင့်ပြည့်ဝမှုစိတ်ဓါတ်ကိုလည်း ပိုမိုယုံကြည်ချီးကျူးလေးစားမိပါသည်။

စစ်အာဏာရှင်အစိုးရသည် မိမိတို့ပြည်ထောင်စုကြီးကို ပြိုကွဲစေရန်၊ တိုင်းရင်းသားလူမျိုးများအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲစေရန်နှင့် ပြည်သူလူထုတရပ်လုံးအား ဆင်းရဲတွင်းပိုမိုနက်ရှိုင်းသွားစေရန် ကြိုးစားဖန်တီးနေသည့်အပြင် ပြည်သူများ၏ အသက်ရှင်သန်ရပ်တည်ခွင့်ကိုပင် အလေးမထား ဂရုမပြုသည့် စစ်အုပ်စုအဖြစ် သိသာထင်ရှားစွာ ပြသနေခြင်းဖြစ်သည်။ ယခုအခါ ၎င်းတို့ကိုယ်တိုင် ချမှတ်ထားသော ဥပဒေကိုပင် မလေးစား၊ မစောင့်ထိန်းပဲ လစ်လျူရှုကာ ဒေါ်အောင်ဆန်းစုကြည်ကို ဤကဲ့သို့ နေအိမ်အကျယ်ချုပ်သက်တမ်းတနှစ် ထပ်မံတိုးမြင့်မှုသည် ပြည်သူအများကို ပိုမိုထင်ရှားအတည်ဖြစ်စေသည့် လုပ်ရပ်ဖြစ်ပါသည်။

ဤကဲ့သို့ လွန်လွန်ကျွံကျွံ တဖက်စွန်းအနိုင်ကျင့်မှုကို ဆက်လက်ပြုလုပ်လျှင် တိုင်းရင်းသားပြည်သူတရပ်လုံး၏ ယုံကြည်ကိုးစားမှု၊ နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်မှု လုံးဝကင်းမဲ့သွားလိမ့်မည် ဖြစ်သည့်အပြင် စွန့်ပစ်ဝိုင်းပယ်မှုကို ခံရပြီး သမိုင်းဆိုးတွင်ရစ်မည့် အစိုးရတရပ်အဖြစ် ခံသွားရမည်ဖြစ်ကြောင်း သတိတရားရစေသင့်သည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူလူထုအကျိုး၊ ပြည်ထောင်စုအကျိုးကို ရှေ့ရှုကာ မိမိတို့၏ အမြင်ကျဉ်းမြောင်းသည့် စိတ်ဓါတ်ကို ပြင်ဆင်သင့်ကြောင်း တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) မှ စိတ်ရင်းစေတနာမှန်ဖြင့် သဘောထားကြေညာချက်ကို ထုတ်ပြန်လိုက်ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ
(ပြည်ထောင်စုမြန်မာနိုင်ငံ)

Contact Persons:

Saw Daivd Taw
+66 (0) 8 1306 4351

Nai Min Thi Kha
+66 (0) 8 1012 6108